# နိုင်ငံပိုင်ဘဏ်များကြပ်မတ်ကွပ်ကဲရေးဌာနစိတ်၏ ဆောင်ရွက်ချက်များ

နိုင်ငံပိုင်ဘဏ်များအနေဖြင့် ပုဂ္ဂလိကဘဏ်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ပွင့်လင်းမြင်သာသော ဘဏ်စနစ်ဖြစ်ပေါ်လာစေရေးဆိုသည့် အကျိုးရလာဒ်ကောင်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အခြေခံဘဏ္ဍာရေးစည်းမျဉ်းများကို ဘဏ်များမှ သိရှိလိုက်နာ စေခြင်းဖြင့် အကျိုးဖြစ်ထွန်းစေမည့် ပြိုင်ဆိုင်မှုရှိသည့် အရင်းအနှီးဈေးကွက်များ ပေါ်ထွက်လာ စေရေး ၊ ရေရှည်တွင် နိုင်ငံပိုင်ဘဏ်များ၏ နိုင်ငံပိုင်အခန်းကဏ္ဍ တဖြည်းဖြည်း လျော့ပါးလာစေပြီး အစုစပ်အုပ်ချုပ်မှု အခြေခံကောင်းများ ဖွံ့ဖြိုးလာစေရေး ၊ အပြည်ပြည်ဆိုင်ရာ စံ သတ်မှတ်ချက်နှုန်းများနှင့်အညီ မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် Model ရွေးချယ်၍ ပြုပြင် ဆောင်ရွက်နိုင်စေရေး ဦးတည်၍ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သည့် "Training of FRD Staff in Effective State- bank Ownership" သင်တန်းအား နေပြည်တော် ရုံးအမှတ် ၃၄၊ အစည်းအဝေးခန်းမ အပေါ်ထပ်တွင် (၅-၅-၂၀၁၆ ရက်နေ့မှ ၆-၅-၂၀၁၆ ရက်နေ့ထိ) ဖွင့်လှစ်ခဲ့ခြင်း ၊ ၁၅-၁၂-၂၀၁၆ ရက်နေ့တွင် နေပြည်တော် Kempinski Hotel ၌ ကမ္ဘာ့ဘဏ်အဖွဲ့မှ ဦးဆောင်၍ နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ ၊ နိုင်ငံပိုင်ဘဏ် (၄) ခုနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ ၊ သက်ဆိုင်ရာ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ နိုင်ငံပိုင်ဘဏ်များကြပ်မတ်ကွပ်ကဲရေး ဌာနစိတ်မှ တာဝန်ရှိသူများ ပါဝင်သည့် Workshop for " Global Experiences of State Ownership and Oversight of State Owned " အလုပ်ရုံဆွေးနွေးပွဲ ၊၈-၆-၂၀၁၇ ရက်နေ့တွင် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ မြတ်ပန်းသဇင်ခန်းမ၌ ကမ္ဘာ့ဘဏ် အဖွဲ့မှ ဦးဆောင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နိုင်ငံပိုင်ဘဏ် (၄) ခုမှ တာဝန်ရှိသူများ ၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေး ဦးစီးဌာန၊ နိုင်ငံပိုင်ဘဏ်များကြပ်မတ်ကွပ်ကဲရေး ဌာနစိတ်မှ တာဝန်ရှိသူများ ပါဝင်သည့် "Workshop on State Own Banks Reform "အလုပ်ရုံ ဆွေးနွေးပွဲတို့ကို ကျင်းပခဲ့ပါသည်။